# ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၁၇ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၇၁

၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၀ တွင် ချမှတ်သော ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့စွဲပါ ပုသိမ်ခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို မကျေနပ်၍ အယူခံမှု။

| | | |
|---|---|---|
| ၁။ ဦးအုန်းစံ | နှင့် | ၁။ ဒေါ်ခင်ကြည် |
| ၂။ ဒေါ်ညိုညို | | ၂။ ဦးဝင်းမောင် |
| ၃။ မမိုမို | | |
| ၄။ ကိုဟန်မင်းသူ | | |
| ( အယူခံတရားလိုများ ) | | ( အယူခံတရားပြိုင်များ ) |

အယူခံတရားလိုများအတွက် ။ ဦးလှကွန်း ၊ တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်များအတွက် ။ ဒေါ်စမ်းသီတာခိုင် ၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်

ပုသိမ်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၁၀/၂၀၁၅ တွင် တရားလို ဒေါ်ခင်ကြည် ပါ -၂ ဦး က တရားပြိုင်ဦးအုန်းစံပါ -၄ ဦးအပေါ် ကြိုတင်အပ်နှံထားသော စပါးတင်း(၂၀၀၀)နှင့် မတ်ပဲတင်း (၁၀၀) (သို့မဟုတ်)ကာလပေါက်ဈေးဖြင့် စပါးတင်း(၂၀၀၀)အတွက် ငွေကျပ်သိန်း (၁၀၀)နှင့် မတ်ပဲတင်း(၁၀၀) အတွက် ငွေကျပ်သိန်း(၅၀)၊ စုစုပေါင်းငွေကျပ်သိန်း(၁၅၀) ရလိုမှုစွဲဆိုရာ စရိတ်နှင့်တကွအနိုင်ဒီကရီရရှိခဲ့သည်။ ခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို တရားပြိုင်ဦးအုန်းစံ ပါ -၄ ဦးက မကျေနပ်သဖြင့် ဤအယူခံမှုကို တင်သွင်းသည်။

အဆိုလွှာတွင် တရားလိုများက ၎င်းတို့နှင့် တရားပြိုင်တို့သည် တစ်ရွာတည်းသား ဖြစ်သဖြင့် ရင်းနှီးကြောင်း၊ တရားပြိုင်များမိသားစုသည် စပါးများ၊ ပဲများလိုက်လံဝယ်ယူခြင်း၊ စပါးပဲ ကြိုတင်အပ်နှံခြင်း လုပ်ကိုင်ကြောင်း၊ လွန်ခဲ့သော ၂၀၁၃ ခုနှစ်၊ (၁)လပိုင်းလောက်တွင် တရားပြိုင်လင်မယားနှစ်ဦးရောက်လာပြီး၊ စပါး၊ ပဲများ ဈေးကောင်းပေးမည်။ အပ်နှံလိုကလည်း အပ်နိုင်ကြောင်းပြောရာ တရားလိုများကယုံကြည်သဖြင့် စပါးများအပ်နှံခဲ့ကြောင်း၊ (၂)တရားလိုက (၃-၂-၂၀၁၃)နေ့တွင် မုရင်းစပါးတင်း(၃၀၀)ကို ထိုနှစ်(၄)လပိုင်း ကုန်တွင် ဈေးဖြတ်ယူမည်ဟု သဘောတူကာအပ်ခဲ့ရာ တရားပြိုင်များက ဘောက်ချာရေးသားပေးခဲ့ကြောင်း၊ (၁၉-၂-၂၀၁၃)တွင် ရွှေဝါလေးစပါး(၂၅၄)တင်းခွဲ ထပ်မံအပ်လိုကြောင်းပြောရာ တရားလိုကသဘောတူကာ တင်းအလိုက်၊ တန်ဘိုးအလိုက်ရှင်းလင်းပြီး၊ မုရင်းစပါး(၄၀၀)ကို ထိုနှစ်(၄)လပိုင်းကုန်ဈေးဖြတ်ပေးမည်ဟု သဘောတူပြီးအပ်နှံခဲ့ရာ ဘောက်ချာများထုတ်ပေးကြောင်း၊ တရားလိုများအိမ်ရှိ စပါးများကို(၂၈-၁-၂၀၁၄)နေ့ လယ်ကြီးလုံးကြီးစပါး (၃၀၀)တင်းကို မုရင်းစပါး(၅၀၀)အဖြစ် ပြောင်းလဲသတ်မှတ်၍ အပ်နှံခဲ့ကြောင်း၊

(၂)တရားလိုက မတ်ပဲတင်း(၁၀၀)ကို (၃၁-၁-၂၀၁၄) နေ့တွင် အပ်နှံခဲ့ကြောင်း၊ (၃-၂-၂၀၁၄)နေ့တွင် မုရင်းစပါးတင်း(၅၀၀)ကို အပ်နှံခဲ့ကြောင်း၊ (၁၅-၂-၂၀၁၄) နေ့တွင် တရားလိုများရရန်ရှိသောငွေ(၈၁၀၀၀၀ိ/-) အတွက် (၂)တရားလိုက စပါးတင်း(၃၀၀) အပ်နှံသဖြင့် တန်ဖိုးသတ်မှတ်ပြောင်းလဲကာ ဘောက်ချာထုတ်ပေးခဲ့ကြောင်း၊ တရားပြိုင်များက ကတိအတိုင်း စပါးတင်း(၂၀၀၀)ကို ဈေးဖြတ်မပေးသဖြင့် ရှေ့နေမှတစ်ဆင့် နို့တစ်စာထုတ်တောင်းဆိုရာ မပေးပျက်ကွက်ခဲ့ကြောင်း၊ သို့ပါ၍ စပါးတင်း(၂၀၀၀)အတွက် တန်ဖိုးသိန်း(၁၀၀)၊ မတ်ပဲတင်း(၁၀၀)အတွက် တန်ဖိုးသိန်း(၅၀)၊ စုစုပေါင်းငွေကျပ်သိန်း(၁၅၀)ရလိုကြောင်း အဆိုပြုသည်။

ချေလွှာတွင် တရားပြိုင်များက ၎င်းတို့နှင့် တရားလိုများသည် တစ်ရွာစီနေထိုင်ကြကြောင်း၊ စပါးတစ်ရာလျှင် (၂၅၀၀၀ိ/-)နှင့် စပါးတင်း(၃၀၀)အတွက် ငွေ(၇၅၀၀၀ိ/-)ယူပြီး မုရင်းစပါးပေါ်ချိန်တွင် မုရင်းစပါးဈေးအတိုင်းပေးချေရန်သဘောတူပြီး ငွေယူခြင်းဖြစ်ကြောင်း၊ ရွှေဝါလေးစပါး(၂၅၄)တင်းခွဲ၊ တစ်တင်းလျှင်(၄၅၀ိ/-)နှင့် စုစုပေါင်း(၁၁၄၅၂၅ိ/-)ယူပြီးနောက် မုရင်းစပါး(၄၀၀)တင်းသတ်မှတ်ကာ တစ်တင်းလျှင်(၂၇၅ိ/-)၊ တင်း(၄၀၀)အတွက် စုစုပေါင်း (၁၁၀၀၀၀ိ/-)ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း၊ မူလတန်ဖိုး(၁၁၄၅၂၅ိ/-)ကို မုရင်းစပါးအဖြစ် ပြောင်းလဲသတ်မှတ်လိုက်သည့်တန်ဖိုး(၁၁၀၀၀၀ိ/-)ဖြစ်၍ ပိုငွေ(၄၅၂၅ိ/-)ဖြစ်သွားကြောင်း၊ ယင်းပိုငွေကို တရားပြိုင်များက တရားလိုများသို့ (၁၉-၂-၂၀၁၃) ဘောက်ချာနှင့် ရှင်းလင်းပေးခဲ့ကြောင်း၊ ယင်းငွေ(၁၁၀၀၀၀ိ/-)တွင် (၂၈-၁-၂၀၁၄)ဘောက်ချာများအရ ငွေကျပ်(၇၀၀၀၀ိ/-) ပေးခဲ့ရာ စုစုပေါင်း(၄၀၀၀၀ိ/-)သာကျန်ကြောင်း၊ ဦးဝင်းမောင်ထံမှ တရားပြိုင်များက ရရန်ရှိငွေ (၅၂၇၀၀ိ/-)ဖြစ်၍ တရားပြိုင်များမှ တရားလိုများထံတွင် ငွေကျပ်(၁၂၇၀၀ိ/-)ရရန်ပင်ရှိကြောင်း၊ (၂၈-၁-၂၀၁၄)ပါငွေလက်ငင်းဖြတ်ပိုင်းပြေစာအရ မုရင်းစပါးတင်း(၅၀၀)ဖိုးမှာလည်း နှစ်ဦးနှစ်ဖက် ရှင်းလင်းပြီးဖြစ်ပါကြောင်း၊ မတ်ပဲတင်း(၁၀၀)အတွက်ငွေ(၂၅၀၀၀၀ိ/-)တရားပြိုင်များက ပြန်လည်ပေးရမည်ဖြစ်ရာ (၁၀-၆-၂၀၁၄)၊ (၁၅-၆-၂၀၁၄)၊ (၁၅-၇-၂၀၁၄)၊ (၂၆-၆-၂၀၁၄)၊ (၂၅-၇-၂၀၁၇) ပြေစာများအရ ရှင်းပြီးဖြစ်ကြောင်း၊ တရားလို၊ တရားပြိုင်တို့ ရှင်းလင်းခြင်းမပြုရသေးသော (၃-၂-၂၀၁၃) ငွေလက်ငင်းဖြတ်ပိုင်းအရ စပါးတင်း(၃၀၀)၊ (၃-၂-၂၀၁၄) ငွေလက်ငင်းဖြတ်ပိုင်းအရ စပါးတင်း(၅၀၀)၊ (၁၅-၂-၂၀၁၄) ငွေလက်ငင်းဖြတ်ပိုင်းအရ စပါးတင်း(၃၀၀)၊ စုစုပေါင်း(၁၁၀၀)တင်းအတွက် (၁)တင်းလျှင် (၅၀၀) ကျပ်နှင့် စုစုပေါင်းငွေ(၅၅၀၀၀၀ိ/-) ကျပ်ဖြစ်ကြောင်း၊ တရားလိုများက တရားပြိုင်များထံမှ ပဲမျိုးစုစုပေါင်း(၈၆)တင်းယူခြင်းအတွက် ပဲတစ်တင်းလျှင် (၅၀၀၀ိ/-)ဈေးနှင့် စုစုပေါင်း(၄၃၀၀၀၀ိ/-)ပေးရန် ရှိနေကြောင်း၊ ၎င်းအပြင် (၁၈-၈-၂၀၁၃)ပြေစာအရ ၂-တရားလို၏သားကျော်ဝင်းမောင်ယူသော ဓာတ်ဆားဘိုး (၃၂၅၀၀ိ/-)၊ ဦးဝင်းမောင်ယူသည့်ဓာတ်ဆားဖိုး(၅၀၅၀၀ိ/-)၊ (၈-၉-၂၀၁၃)ပါပြေစာအရ ကျော်ဝင်းမောင်ယူသော (၆၈၂၅၀၀ိ/-)၊စုစုပေါင်း(၁၅၁၂၅၀ိ/-)ကျပ်ဖြစ်ကြောင်း၊ တရားလိုများကပေးရန်ရှိသော မျိုးပဲဖိုးငွေ (၄၃၀၀၀၀ိ/-)ကျပ်၊ အကြွေးဝယ်ယူထားသော ဓာတ်ဆားဖိုးငွေစုစုပေါင်း(၁၅၁၂၅၀ိ/-)၊ စုစုပေါင်း (၅၈၁၂၅၀ိ/-)ကျပ်ဖြစ်ကြောင်း၊ တရားလိုများနှင့် မရှင်းရသေးသောစပါး(၁၁၀၀)တင်း အတွက်(၅၅၀၀၀၀ိ/-) ရှိရာ တရားပြိုင်များရရန်ရှိငွေနှင့်ခြားနားပါက ငွေကျပ်(၃၁၂၅၀ိ/-) တရားပြိုင်များက ရရန်ရှိကြောင်း၊ တရားလိုနှင့် တရားပြိုင်တို့ စာရင်းမရှင်းရသေးကြောင်း၊ တရားစွဲဆိုရန်အကြောင်းမပေါ်ပေါက်ကြောင်း၊ အမှုစွဲဆိုပုံမှားယွင်းကြောင်းချေပသည်။

မူလပုသိမ်ခရိုင်တရားရုံးက အဆိုအချေအရ ငြင်းချက်(၃)ရပ်ထုတ်၍ စစ်ဆေးကြားနာပြီးနောက် တရားလိုသည် တရားပြိုင်ထံကြိုတင်အပ်နှံထားသည့်စပါးတင်း(၂၀၀၀)နှင့် မတ်ပဲတင်း(၁၀၀) သို့မဟုတ် ထိုစပါးတင်း(၂၀၀၀)၏ကာလပေါက်ဈေးကျပ်သိန်း(၁၀၀)နှင့် မတ်ပဲတင်း(၁၀၀)၏ကာလပေါက်ဈေးသိန်း(၅၀)၊စုစုပေါင်းကျပ်သိန်း(၁၅၀)ရရန်ရှိသည်မှာ မှန်ကန်ကြောင်း၊ အမှုမှာ အစုစပ်လုပ်ကိုင်ခြင်း၊ စပ်တူလုပ်ငန်းလုပ်ကိုင်ကြခြင်းမျိုးမဟုတ်သဖြင့် စာရင်းရှင်းလင်းခြင်းမရှိဘဲ ယခုအမှုကို မစွဲဆိုနိုင်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း၊ တရားလိုက တရားပြိုင်ထံကြိုတင်အပ်နှံထားသော စပါးဖိုးငွေနှင့် မတ်ပဲဖိုးငွေများ မရရှိသဖြင့် တောင်းဆိုသောအမှုသာဖြစ်ကြောင်း သုံးသပ်ဆုံးဖြတ်၍ တရားလိုများစွဲဆိုသည့်အတိုင်း စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ခဲ့ကြောင်းတွေ့ရသည်။

အယူခံတရားလိုများ၏ တရားလွှတ်တော်ရှေ့နေက အမှုတွင်တရားလိုများကတင်ပြထားသော

သက်သေခံ(က)(၃-၂-၂၀၁၃)ရက်စွဲပါပြေစာအရ စပါးတင်း(၃၀၀)၊ သက်သေခံ(က-၄) (၃-၂-၂၀၁၄) ရက်စွဲပါပြေစာအရ မှရင်းစပါးတင်း(၅၀၀)၊ သက်သေခံ(က-၅)(၁၅-၂-၂၀၁၄) ရက်စွဲပါပြေစာအရ မှရင်းစပါးတင်း(၃၀၀) စုစုပေါင်းစပါးတင်း(၁၁၀၀)ကျန်ရှိသည်ကို တွေ့မြင်ရသည်ဖြစ်ကြောင်း၊ သက်သေခံ(က-၁)(၁၉-၂-၂၀၁၃)ရက်စွဲပါပြေစာနှင့် သက်သေခံ(က-၂)(၂၈-၁-၂၀၁၄) ရက်စွဲပါပြေစာ(၂)စောင်တို့မှာ ရှင်းပြီးဖြစ်သဖြင့် ယင်းပြေစာတို့တွင် ရှင်းပြီးဖြစ်သည်ဟု ရေးသားဖော်ပြထားသည်ကိုတွေ့မြင်ရသည်ဖြစ်ကြောင်း ချေလွှာတွင်ပေးရန်တာဝန်မရှိကြောင်းချေပခဲ့ရာ၌ တာဝန်မရှိကြောင်း စကားရပ်တွင် စာစီရာ၌(မ)ကျန်ခဲ့သဖြင့် တာဝန်ရှိကြောင်းဖြစ်နေခြင်းသာဖြစ်ပါကြောင်း၊ ဝန်ခံမှုမရှိပါကြောင်း၊ တရားလိုများက မတ်ပဲတင်း (၁၀၀) အပ်နှံသည့်ကိစ္စတွင် တရားပြိုင်များက တစ်တင်းလျှင်(၁၅၀၀၀ိ/-)ဈေးဖြင့်ယူပြီး ပဲပေါ်ချိန်တွင် တရားပြိုင်များက တစ်တင်းလျှင်(၂၅၀၀၀ိ/-)ဈေးနှင့် ငွေ(၂၅၀၀၀၀ိ/-)ပြန်ပေးရန်သဘောတူခဲ့ကြောင်း၊ ယင်းငွေနှင့် ပတ်သက်၍ တရားလိုဦးဝင်းမောင်နှင့်သားဖြစ်သူတို့ယူသော ရေနံပုံးများနှင့် ထွန်စက်ဌားရမ်းခများဖြစ်သော သက်သေခံ(၁)မှ သက်သေခံ(၁-ဃ)အထိ ပြေစာများအရ ရှင်းလင်းပြီးဖြစ်သည်မှာထင်ရှားကြောင်း၊ တရားပြိုင်များက တရားလိုများအားပေးရန် စပါးတင်း(၁၁၀၀)အတွက် တရားလိုက စပါးတစ်တင်းလျှင် (၅၀၀ိ/-)သတ်မှတ်သဖြင့် ငွေ(၅၅)သိန်းပေးရမည်ဖြစ်ကြောင်း၊ (၅-၂-၂၀၁၄) ပြေစာသက်သေခံ(၂)အရ တရားလိုများသည် တရားပြိုင်များအား မျိုးပဲ(၈၆)တင်းအတွက် တစ်တင်းလျှင် (၅၀၀၀ိ/-)ဖြင့် ငွေကျပ်(၄၃)သိန်းကို တရားပြိုင်များအားပြန်လည်ပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် တရားလိုများသည် တရားပြိုင်များထံမှ သက်သေခံ(၂-က)မှ (၂-ဂ)အထိ ပြေစာတို့အရ အကြွေးယူထားသော ဓာတ်ဆားဖိုးငွေစုစုပေါင်း (၁၅၁၂၅၀ိ/-)ကျပ်ဖြစ်ကြောင်း၊ မတ်ပဲဖိုးကျပ်(၄၃) သိန်းနှင့်ပေါင်းပါက (၅၈၁၂၅၀ိ/-)ကို တရားလိုများက တရားပြိုင်များအားပေးရမည်ဖြစ်ကြောင်း၊ တရားပြိုင်များက တရားလိုများကိုပေးရမည့်စပါးတင်း(၁၁၀၀) အတွက် ငွေကျပ်(၅၅)သိန်းဖြစ်ရာ တရားပြိုင်များရရန်ငွေ(၅၈၁၂၅၀ိ/-)ကျပ်နှင့်ခြားနားပါက တရားပြိုင်များသည် တရားလိုများထံမှပင်ငွေ(၃၁၂၅၀ိ/-)ရရန်ရှိသည်မှာ ပေါ်လွင်နေကြောင်း၊ တရားပြိုင်များက ဥပဒေနှင့်အညီ မိမိတို့ရရန်ရှိသောငွေကြေးမှာ မည်၍မည်မျှဖြစ်ကြောင်း ပြေစာအထောက်အထားများတင်ပြပြီး တရားလိုများစွဲဆိုသည့်ငွေထဲမှ ခုနှိမ်သင့်ကြောင်း တင်ပြခြင်းသာဖြစ်ကြောင်း ပြန်လည်တောင်းဆိုသည့် အနေအထားဟု မမှတ်ယူနိုင်ပါကြောင်း၊ အမှုတွင် တစ်ဦးနှင့်တစ်ဦးရရန် ပေးရန်များရှိကြောင်း တွေ့မြင်ရမည်ဖြစ်သည်။ စာရင်းရှင်းလင်းရခြင်းမရှိသေးကြောင်း၊ ယင်းအချက်ကို မူလရုံးကထည့်သွင်းစဉ်းစားခြင်း မပြုသည်မှာ အယူခံတရားလိုများအတွက် နစ်နာကြောင်း၊ စာရင်းရှင်းလင်းရခြင်းမရှိသေးဘဲ စွဲဆိုသဖြင့် အမှုစွဲဆိုပုံမှားယွင်းနေပါကြောင်း၊ သို့ပါ၍ မူလခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ပြီး တရားလိုများ၏အဆိုလွှာကို စရိတ်နှင့်တကွပလပ်ပေးပါရန် လျှောက်ထားသည်။

အယူခံတရားပြိုင်များ၏တရားလွှတ်တော်ရှေ့နေက အမှုတွင်တင်သွင်းထားသော သက်သေခံ ဘောက်ချာ(၆)စောင်တွင်ပါရှိသည့် စပါးများကို ဈေးဖြတ်ရာ၌ လွယ်ကူစေရန် မှရင်းစပါးများအဖြစ် ပြောင်းလဲသတ်မှတ်၍ ဈေးနှုန်းသတ်မှတ်ခြင်း၊ တရားလိုများက မိမိတို့ရရန်ရှိနေသော ဆန်အိတ်ဖိုးငွေများ၊ မျိုးစပါးဖိုးငွေများ၊ စုစုပေါင်း(၈၁၀၀၀၀ိ/-)အတွက် မှရင်းစပါးတင်း(၃၀၀)အဖြစ် ပြောင်းလဲသတ်မှတ်ခြင်းတို့မှာ အငြင်းမပွားထင်ရှားကြောင်း တရားလိုပြသက်သေများက တရားလိုများသည် လယ်ဧက(၃၀) ကျော်လုပ်ကိုင်ကြောင်း၊ မှရင်းစပါးစိုက်ပျိုးကြောင်း၊ လယ်ထွန်စက်(၅)စီးရှိကြောင်း၊ လယ်အတွက် လိုအပ်သည့်ပစ္စည်းများကို ဟင်္သာတမြို့မှ တိုက်ရိုက်ဝယ်ယူသုံးစွဲကြောင်း၊ စပါးပဲများ၊ ဆန်အိတ်များ ချိန်တွယ်ဝယ်ယူပေးခဲ့ရကြောင်း၊ တရားပြိုင်မိသားစုများက ဂွန်ဒေါင်းဖြင့်ကိုယ်တိုင်လာရောက် ချိန်တွယ် ဝယ်ယူကာ ဘောက်ချာဖြတ်ပေးကြောင်း၊ တရားလိုများသည် တရားပြိုင်များထံမှ စပါးပဲဖိုးများရရန် ရှိသည်မှလွဲ၍ တရားပြိုင်များနှင့် မည်သည့်စီးပွားရေးမျှလုပ်ကိုင်ခြင်းမရှိကြောင်းတို့ကို တစ်ညီတစ်ညွတ်တည်း ထွက်ဆိုခဲ့ကြကြောင်း၊ တရားပြိုင်များကိုယ်တိုင် တရားလိုများအား ထုတ်ပေးထားသည့် သက်သေခံ(က)မှ (က-၅)အထိ ဘောက်ချာများနှင့်ပတ်သက်၍ တရားလိုဘက်က သက်သေထင်ရှားတင်ပြခဲ့ပြီးဖြစ်ကြောင်း၊ တရားပြိုင်များက ၎င်းတို့ကသာလျှင် တရားလိုထံမှငွေ(၃၁၂၅၀ိ/-)ရရန်ရှိသည်ဆိုခြင်းနှင့်ပတ်သက်၍ တရားလိုများကိုယ်တိုင်လက်မှတ်ရေးထိုးထားသည့် စာရွက်စာတမ်းအထောက်အထားကို အမှုတွင်တင်ပြနိုင်ခြင်းမရှိကြောင်း၊ တရားပြိုင်များသည် ၎င်းတို့ဘာသာရေးသားဖြည့်သွင်းထားသည့် သက်သေခံမဝင်သော

စာရင်းများနှင့်ပတ်သက်၍ တရားလိုဘက်မှ ဝန်ခံချက်တစ်စုံတစ်ရာအမှုတွင် ပေါ်ပေါက်ခြင်းမရှိကြောင်း၊ တရားပြိုင်ပြသက်သေ မည်သူတစ်ဦးတစ်ယောက်ကမျှ တရားပြိုင်များသည် ငွေ(၃၁၂၅၀ဝိ/-)ကို တရားလိုများထံမှ ရရန်ရှိနေပါကြောင်းနှင့် တရားပြိုင်များက တင်ပြသည့် စာရင်းကိုသိရှိပါကြောင်း၊ အမှုတွင် ထွက်ဆိုခဲ့ခြင်းမရှိပါကြောင်း၊ တရားပြိုင်ဘက်အနေဖြင့် သက်သေခံမဝင်သော စာရွက်စာတမ်းကို လွယ်လွယ်တင်ပြနေခြင်းသာဖြစ်ကြောင်း၊ မူလခရိုင်တရားရုံးက နှစ်ဦးနှစ်ဖက်အငြင်းမပွားသော သက်သေခံ(က)မှ (က-၅)အထိ ဘောက်ချာတစ်ခုချင်းအလိုက် သုံးသပ်၍ တရားလိုများစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားပြိုင်ဘက်မှ တင်ပြသော သက်သေခံ(၁)မှ (၁-ဃ)၊ သက်သေခံ(၂)မှ (၂-ဂ)အထိ ဖြတ်ပိုင်းများပါ ငွေကြေးများနှင့်ပတ်သက်၍ တရားလိုလက်ရေးလက်မှတ်မပါသော မှန်ကန်သောစာရင်းများ မဟုတ်ပါကြောင်း၊ အယူခံတရားလိုများက ငွေ(၃၁၂၅၀ဝိ/-)ကို ခုနှိမ်သင့်သည်ဟုတင်ပြခြင်းမှာ ဥပဒေနှင့် ညီညွတ်ခြင်း မရှိပါကြောင်း၊ သို့ပါ၍ မူလခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုပြီး ဤတရားမအယူခံမှုအား ပလပ်ပေးပါရန် လျှောက်ထားသည်။

မူလမှုကိုစိစစ်ကြည့်ရာ တရားလိုများသည် အမှုတွင်တင်ပြထားသော သက်သေခံ(က)မှ (က-၅)ထိပြေစာ(၆)စောင်ကိုအခြေခံ၍ တရားပြိုင်များအပေါ် ယခုအမှုကိုစွဲဆိုခြင်းဖြစ်သည်။ ယင်းပြေစာများနှင့် စပ်လျဉ်း၍ ၂-တရားပြိုင်ဒေါ်ညိုညိုအားစစ်ဆေးစဉ် တရားလိုများ၏ရှေ့နေက ပြန်လှန်စစ်မေးသည့်အခါ ဒေါ်ညိုညိုက “ တရားလိုဘက်မှတင်ပြသော သက်သေခံ(က)မှ (က-၅)အထိ ဘောက်ချာ(၆)စောင်နှင့်ပတ်သက်၍ ကျမတို့ဘက်မှ ထုတ်ပေးထားခဲ့ကြောင်း အငြင်းပွားမှုလည်းမရှိဆိုက မှန်ပါသည်။” ဟုလည်းကောင်း၊ သက်သေခံ(က)မှ (က-၅)ထိ ဘောက်ချာများမှ လက်မှတ်များမှာ မည်သူလက်မှတ်လဲဆိုက ကျမသမီးလက်မှတ်ဖြစ်သည်ဟုလည်းကောင်း ဖြေကြားထွက်ဆိုခဲ့သည်။ သို့ဖြစ်ရာ သက်သေခံ(က)မှ (က-၅) ထိ ပြေစာ(၆)စောင်သည် တရားပြိုင်ဘက်မှ တရားလိုများအား ထုတ်ပေးခဲ့သည်မှာ ထင်ရှားသည်။

၃-၂-၂၀၁၃ ရက်စွဲပါ သက်သေခံ(က)ပြေစာတွင် ၂-တရားလိုဦးဝင်းမောင်အမည်ဖြင့် စပါးတင်း(၃၀၀)အပ်နှံထားကြောင်းတွေ့ရသည်။ ၁၃-၂-၂၀၁၃ ရက်စွဲပါ သက်သေခံ(က-၁)ပြေစာတွင် ရွှေဝါလေးစပါး(၂၅၄)တင်းခွဲ (၄၅၀ဝိ/-)ဈေးနှုန်းဖြင့် ငွေ(၁၁၄၅၂၅ဝိ/-)ဟုလည်းကောင်း၊ မုရင်းစပါး(၄၀၀)တင်း(၂၇၅ဝိ/-)ဈေးနှုန်းဖြင့်ငွေ(၁၁၀၀၀၀ဝိ/-)(၄)လပိုင်းကုန်ဖြတ်ပေးမည်ဟုလည်းကောင်း ဖော်ပြထားသည်။ ယင်းပြေစာနှင့် ပတ်သက်၍ ၂-တရားပြိုင်ဦးဝင်းမောင်က (၁၉-၂-၂၀၁၃) ရက်နေ့တွင် မိမိအမည်ဖြင့်ရွှေဝါလေးစပါး(၂၅၄)တင်းခွဲအပ်နှံခဲ့ကြောင်း၊ ယခင်အပ်နှံထားသောစပါးမှာ မုရင်းစပါးဖြစ်သည့်အတွက် နောက်အပ်သောစပါးကိုလည်း မျိုးတူစေရန် မုရင်းစပါးတင်း(၄၀၀)အဖြစ်ပြောင်းလဲအပ်နှံခဲ့ကြောင်း၊ ရွှေဝါလေးစပါး(၂၅၄)တင်းခွဲအတွက် တစ်တင်းလျှင်(၄၅၀ဝိ/-)ဈေးနှုန်းဖြင့် တန်ဖိုးမှာငွေ(၁၁၄၅၂၅ဝိ/-)ဖြစ်ကြောင်း၊ မုရင်းစပါးတင်း(၄၀၀)အဖြစ် ပြောင်းလဲသတ်မှတ်ရာတွင် တန်ဖိုးမှာတစ်တင်းလျှင်(၂၇၅ဝိ/-)နှုန်းဖြင့်ကျသင့်ငွေ(၁၁၀၀၀၀ဝိ/-)ဖြစ်ကြောင်း၊ ပြေစာပါငွေကျန် (၄၅၂၅ဝိ/-)မှာ ရွှေဝါလေးစပါးဘိုးကများနေသည့်အတွက် မိမိအားတရားပြိုင်များက မိမိအားငွေ(၄၅၂၅ဝိ/-) ရှင်းပေးခဲ့ကြောင်း ထွက်ဆိုခဲ့ရာ သက်သေခံ(က-၁)သည် တရားပြိုင်များထံ မုရင်းစပါး(၄၀၀)တင်းအပ်နှံထားသည့်ပြေစာဖြစ်ကြောင်း ပေါ်ပေါက်သည်။

၂၈-၁-၂၀၁၄ ရက်စွဲပါ သက်သေခံ(က-၂)ပြေစာတွင် ၁-တရားလိုဒေါ်ခင်ကြည်၏အမည်ဖြင့် လယ်ကြီးလုံးကြီးစပါး(၃၀၀)တင်းရောင်း၊ ကျသင့်ငွေ(၁၂၀၀၀၀ဝိ/-)ဟုလည်းကောင်း၊ မုရင်းစပါး(၅၀၀)တင်း ကျသင့်ငွေ(၁၃၀၀၀၀ဝိ/-)ဟုလည်းကောင်း ဖော်ပြထားသည်။ ယင်းပြေစာနှင့်ပတ်သက်၍ ၁-တရားလိုဒေါ်ခင်ကြည်က လုံးကြီးစပါးတင်း(၃၀၀)ကို တရားပြိုင်များထံ မိမိအပ်နှံခဲ့ကြောင်း၊ ယင်းစပါးတင်း(၃၀၀) ငွေကျပ်(၁၂)သိန်းသတ်မှတ်ကြောင်း၊ တရားပြိုင်များက လုံးကြီးစပါးတင်း(၃၀၀)ကို မုရင်းစပါးတင်း(၅၀၀)အဖြစ် ပြောင်းလဲသတ်မှတ်ကာ ပိုငွေကျပ်(၁)သိန်းကို မိမိက ၂-တရားပြိုင်ဒေါ်ညိုညိုအား ပေးခဲ့ကြောင်း၊ မိမိအပ်နှံထားသော စပါးတင်း(၅၀၀)တရားပြိုင်များထံမှ ရရန်ကျန်ရှိနေကြောင်း ထွက်ဆိုခဲ့ရာ အဆိုပါသက်သေခံ(က-၂)ပြေစာသည် ၁-တရားလိုဒေါ်ခင်ကြည်က တရားပြိုင်များထံ မုရင်းစပါးတင်း(၅၀၀)အပ်နှံခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။

၃၁-၁-၂၀၁၄ ရက်စွဲပါ သက်သေခံ(က-၃)ပြေစာတွင် ၂-တရားလိုဦးဝင်းမောင်အမည်ဖြင့် အပ်ပဲ(၁၀၀)တင်း (၃)လပိုင်းကုန် ဖြတ်မည်ဟုလည်းကောင်း၊ ၃-၂-၂၀၁၄ ရက်စွဲပါ သက်သေခံ(က-၄) ပြေစာတွင်

ဦးဝင်းမောင်အမည်ဖြင့် မုရင်းအပ်စပါး(၅၀၀)တင်း(၇)လပိုင်းဈေးဖြတ်မည်ဟုလည်းကောင်း ဖော်ပြထားပြီး ယင်းပြေစာများနှင့်စပ်လျဉ်း၍ ၂-တရားလိုဦးဝင်းမောင်က မတ်ပဲတင်း(၁၀၀)နှင့် မုရင်းစပါးတင်း(၅၀၀)ကို တရားပြိုင်များထံအပ်နှံခြင်းဖြစ်ကြောင်း ထွက်ဆိုထားသည်ကိုတွေ့ရသည်။

၁၅-၂-၂၀၁၄ ရက်စွဲပါ သက်သေခံ(က-၅)ပြေစာတွင် ဆန်(၄၄)အိတ်(၁၈၀၀၀ိ/-)ဈေးနှုန်းဖြင့်ငွေ (၇၉၂၀၀၀ိ/-) စပါးမျိုးပေး(၁၈၀၀၀ိ/-) ပေါင်း(၈၁၀၀၀၀ိ/-)ဟုဖော်ပြထားပြီး ယင်းပြေစာနှင့်စပ်လျဉ်း၍ ၂-တရားလို ဦးဝင်းမောင်က မိမိတို့ထံမှ တရားပြိုင်များဆန်(၄၄)အိတ်ကို တစ်အိတ်လျှင်(၁၈၀၀၀ိ/-)နှုန်းဖြင့် ယူခဲ့ခြင်းအတွက် ငွေ(၇၉၂၀၀၀ိ/-)ဖြစ်ကြောင်း၊ မိမိတို့ထံမှ မျိုးစပါး(၄)တင်းရယူထားရာ ယင်း(၄)တင်း အတွက်ငွေ (၁၈၀၀၀ိ/-)ကျသင့်ကြောင်း၊ မိမိတို့ကငွေ(၈၁၀၀၀၀ိ/-)ရရန်ရှိနေခြင်းအပေါ် တရားပြိုင်များက မုရင်းစပါးတင်း(၃၀၀)အပ်နှံကြောင်းပြောင်းလဲသတ်မှတ်ကာ ဘောက်ချာထုတ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်း ထွက်ဆိုခဲ့သည်ကိုတွေ့ရသည်။

အဆိုပါပြေစာ(၆)စောင်အရ သက်သေခံ(က)ပြေစာဖြင့် စပါးတင်း(၃၀၀)၊ သက်သေခံ(က-၁) ပြေစာဖြင့် စပါးတင်း(၄၀၀)၊ သက်သေခံ(က-၂)ပြေစာဖြင့် စပါးတင်း(၅၀၀)၊ သက်သေခံ(က-၄)ပြေစာဖြင့် စပါးတင်း(၅၀၀)၊ သက်သေခံ(က-၅)ပြေစာဖြင့် စပါးတင်း(၃၀၀)၊ စုစုပေါင်းစပါးတင်း(၂၀၀၀)ကို လည်းကောင်း၊ သက်သေခံ(က-၃)ပြေစာဖြင့် မတ်ပဲတင်း(၁၀၀)ကိုလည်းကောင်း၊ တရားလိုများက တရားပြိုင် များထံ ကြိုတင်ရောင်းချအပ်နှံခဲ့ကြောင်း ပေါ်လွင်သည်။

အမှုတွင် ၂-တရားပြိုင်ဒေါ်ညိုညိုက သက်သေခံ(က)ပြေစာအရ စပါးတင်း(၃၀၀)၊ သက်သေခံ (က-၄)ပြေစာအရ စပါးတင်း(၅၀၀)၊ သက်သေခံ(က-၅)ပြေစာအရ စပါးတင်း(၃၀၀)စုစုပေါင်းစပါး(၁၁၀၀) တင်းကိုသာ မိမိတို့က တရားလိုများအား ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း၊ ဦးဝင်းမောင်တို့က မိမိတို့ထံမှ ယူခဲ့သောမျိုးပဲ(၈၆)တင်းကို မိမိတို့ပြန်ရရန်ရှိနေပြီးတန်ဘိုးအားဖြင့် ကျပ်(၄၃)သိန်းဖြစ်ကြောင်း၊ ၁၈-၈-၂၀၁၃ ရက်စွဲပါပြေစာအရကျော်ဝင်းမောင်ယူသည့် ဓာတ်ဆားဖိုး(၃၂၅၀၀၀ိ/-)၊ ဦးဝင်းမောင်ယူသည့် ဓာတ်ဆားဖိုး (၅၀၅၀၀၀ိ/-)၊ ၈-၉-၂၀၁၃ ရက်စွဲပါ ဘောက်ချာအရ ကျော်ဝင်းမောင်ယူသည့်ဓာတ်ဆားဖိုး (၆၈၂၅၀ိ/-)၊ စုစုပေါင်း(၁၅၁၂၅၀ိ/-)ကို မိမိတို့က ရရန်ရှိနေပါကြောင်း၊ ယင်းဓာတ်ဆားဖိုးနှင့် မျိုးပဲဖိုးငွေနှစ်ရပ်ပေါင်း (၅၈၁၂၅၀ိ/-)ကို တရားလိုများနှင့် စာရင်းမရှင်းရသေးကြောင်း၊ မိမိတို့က တရားလိုများအားပေးရမည့် စပါးတင်း(၁၁၀၀)အတွက် ငွေကျပ်(၅၅)သိန်းနှင့်ခြားနားပါကမိမိတို့ကပင် ငွေ(၃၁၂၅၀ိ/-)ကို တရားလိုများထံ ရရန်ကျန်ရှိနေပါကြောင်း ထုချေခဲ့သည်ကိုတွေ့ရသည်။

၂-တရားလိုဦးဝင်းမောင်အား စစ်ဆေးစဉ် တရားပြိုင်များ၏ရှေ့နေက အောက်ပါအတိုင်း မေးမြန်းထားသည်ကိုတွေ့ရသည်။

> " x x x x x (၁၈-၂-၂၀၁၃)ရက်စွဲပါ ရွှေဝါလေးစပါး(၂၅၄)တင်းခွဲ ဘောက်ချာနှင့် စပ်လျဉ်းပြီး ရွှေဝါလေးစပါးမှ မုရင်းစပါး(၄၀၀)သို့ပြောင်းလဲသတ်မှတ်ခဲ့သည်ဆိုလျှင် x x x x မှန်ပါသည်။ "

အဆိုပါ ပြန်လှန်စစ်မေးချက်အရ (၁၈-၂-၂၀၁၃) ရက်စွဲပါ သက်သေခံ(က-၁)ပြေစာဖြင့် တရားလိုများက တရားပြိုင်များထံ မုရင်းစပါးတင်း(၄၀၀)အပ်နှံသည်ဟု မှတ်ယူရမည်ဖြစ်သည်။

၂-တရားပြိုင်ဒေါ်ညိုညိုက သက်သေခံ(က-၁)ပြေစာပါ မုရင်းစပါးတင်း(၄၀၀)အတွက် ငွေကျပ် (၁၁)သိန်းအား ရှင်းပြီးဖြစ်ကြောင်း ချေပထားခဲ့ရာ ၂-တရားလိုဦးဝင်းမောင်က ရွှေဝါလေးစပါး(၂၅၄)တင်းခွဲ ကျသင့်ငွေ(၁၀၄၅၂၅၀ိ/-)နှင့် မုရင်စပါးတင်း(၄၀၀)တွက် ကျသင့်ငွေ(၁၁၀၀၀၀၀ိ/-)တို့၏ ခြားနားငွေ (၄၅၂၅၀ိ/-)ကိုသာ ရှင်းလင်းခြင်းဖြစ်ကြောင်း တင်ပြထွက်ဆိုသည်။

၁၈-၂-၂၀၁၃ ရက်စွဲပါ သက်သေခံ(က-၁)ပြေစာတွင် ငွေကျန်(၄၅၂၅၀ိ/-)ကိုဖော်ပြ၍ ယင်းကိန်း ဂဏန်း၏အောက်၌ ရှင်းဟုဖော်ပြထားသည်ကိုတွေ့ရ၍ ငွေကျန်(၄၅၂၅၀ိ/-)ကိုသာ ရှင်းလင်းပေးချေကြ သည်ဟု မှတ်ယူရန်ဖြစ်သည်။

ထို့ပြင် ၂-တရားပြိုင်ဒေါ်ညိုညိုက သက်သေခံ(က-၂)ပြေစာပါငွေများကိုလည်း နှစ်ဦးနှစ်ဖက် ရှင်းလင်းပြီးဖြစ်၍ ပြေစာတွင်ရှင်းဟုဖော်ပြထားပါကြောင်း၊ ၂၈-၁-၂၀၁၄ ရက်စွဲပါသက်သေခံ(က-၂)ပြေစာပါ ငွေများကိုရှင်းလင်းပြီးဖြစ်၍ ပေးရန်မရှိတော့ပါကြောင်းထုချေခဲ့ရာ ၂-တရားလိုဦးဝင်းမောင်က ၂၈-၁-၂၀၁၄

ရက်နေ့တွင် မိခင်ဒေါ်ခင်ကြည်အမည်ဖြင့် လုံးကြီးစပါးတင်း(၃၀၀)ကို တရားပြိုင်များထံ အပ်နှံခဲ့ကြောင်း၊ မိမိကချုပ်ကွယ်ပေးလိုက်သော လုံးကြီးစပါးတင်း(၃၀၀)အတွက် ငွေကျပ်(၁၂)သိန်းဖြစ်ကြောင်း၊ အဆိုပါ လုံးကြီးစပါးတင်း(၃၀၀)ကို မုရင်းစပါးတင်း(၅၀၀)အဖြစ် ပြောင်းလဲသတ်မှတ်ကာတန်ဖိုးအလိုက်ဈေးဖြတ်ခဲ့ရာ မုရင်းစပါးတင်း(၅၀၀)အတွက် ငွေကျပ်(၁၃)သိန်းဖြစ်ကြောင်း၊ ခြားနားငွေကျပ်(၁)သိန်းကို တရားပြိုင်များအား ထုတ်ပေးခဲ့ကြောင်း၊ သို့အတွက် ဘောက်ချာတွင်ရှင်းဟုဖော်ပြထားခြင်းဖြစ်ကြောင်း တင်ပြထွက်ဆိုသည်။

၂၈-၁-၂၀၁၃ ရက်စွဲပါ သက်သေခံ(က-၂)ပြေစာတွင် လုံးကြီးစပါးတင်း(၃၀၀)အတွက် ကျသင့်ငွေကျပ်(၁၂)သိန်းနှင့် မုရင်းစပါးတင်း(၅၀၀)အတွက် ကျသင့်ငွေကျပ်(၁၃)သိန်းဟုဖော်ပြ၍ ငွေကျပ်(၁၃)သိန်းမှ (၁၂)သိန်းကိုခုနှိမ်ပြီး ကျန်ကျပ်(၁)သိန်းဂဏန်းအောက်တွင် ရှင်းဟုဖော်ပြထားရာ ပြေစာပါငွေအားလုံးကို ရှင်းလင်းပေးချေသည်ဟု မဆိုနိုင်ပေ။

၂-တရားပြိုင်ဒေါ်ညိုညိုက မတ်ပဲ(၁၀၀)တင်းအတွက် တစ်တင်းလျှင် (၁၅၀၀၀ိ/-)နှုန်းဖြင့် ငွေကျပ်(၁၅)သိန်း တရားလိုများထံမှယူခဲ့ပြီး မတ်ပဲပေါ်ချိန်၌ တစ်တင်းလျှင်(၂၅၀၀၀ိ/-)နှုန်းဖြင့် ငွေကျပ်(၂၅)သိန်းပေးချေရမည်ဖြစ်ကြောင်း၊ ယင်းငွေနှင့်ပတ်သက်၍ ဦးဝင်းမောင်၏သားယယ်လာယူငွေ(၂၈၀၀၀၀ိ/-)၊ ဦးဝင်းမောင်သို့ပေးငွေ(၇၅၀၀၀ိ/-)၊ ထွန်စက်မောင်းခ(၂၂)ဧကအတွက် ငွေ(၂၂၀၀၀၀ိ/-)၊ ရေနံတစ်ပုံးငွေ(၁၆၈၀၀ိ/-)၊ ၁၅-၆-၂၀၁၄ ရက်စွဲပါဘောက်ချာအရ ရေနံဖိုး(၄၉၂၀၀ိ/-)၊ ဦးဝင်းမောင်ယူငွေ(၁၀၀၀၀၀ိ/-)၊ ဦးဝင်းမောင်ယူသည့်ရေနံပုံး(၁၅)ပုံး ငွေ(၂၅၂၀၀ိ/-)နှင့် ၁၅-၇-၂၀၁၄ ပြေစာ၊ ၂၅-၇-၂၀၁၄ ပြေစာတို့အရ ရှင်းလင်းပြီးဖြစ်ကြောင်းချေပ၍ အဆိုပါပြေစာများကို သက်သေခံ(၁)မှ (၁-ဃ)ထိ တင်သွင်းခဲ့သည်။ အဆိုပါချေပချက်နှင့်စပ်လျဉ်း၍ ၂-တရားလိုဦးဝင်းမောင်က မဟုတ်မမှန်ကြောင်း၊ တရားပြိုင်များနှင့်စပါးကိစ္စမှလွဲ၍ ကျန်ပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းရန်မရှိကြောင်း ထွက်ဆိုခဲ့သည်ကိုတွေ့ရသည်။

တရားပြိုင်ဘက်မှတင်ပြသော သက်သေခံ(၁)မှ (၁-ဃ)ထိ စာရွက်စာတမ်းများမှာ မိတ္တူများဖြစ်ပြီး တရားလိုများနှင့်ရှင်းလင်းကာ လက်မှတ်ရေးထိုးအတည်ပြုထားသော စာရင်းများမဟုတ်ပေ။ တရားပြိုင်ဘက်မှ ရေးမှတ်ထားသောစာရင်းသာဖြစ်၍ ယင်းစာရင်းပါငွေနှင့်ပစ္စည်းများကို တရားလိုများက လက်ခံရယူခဲ့ကြပြီးဖြစ်သည်ဟု မှတ်ယူနိုင်မည်မဟုတ်ပေ။

မတ်ပဲတင်း(၁၀၀)အပ်နှံသည့် ၃၁-၁-၂၀၁၄ ရက်စွဲပါပြေစာတွင် (၃)လပိုင်းကုန်ဖြတ်မည်ဟု ဖော်ပြထားသော်လည်း ဈေးနှုန်းဖော်ပြချက်မတွေ့ရပေ။ တရားလိုများ၏အဆိုလွှာတွင်လည်း အပ်နှံသည့်အချိန်ကဈေးနှုန်းကိုသော်လည်းကောင်း၊ (၃)လပိုင်းကုန်ဖြတ်မည့်ဈေးနှုန်းကိုသော်လည်းကောင်း အဆိုပြုဖော်ပြချက်မရှိချေ။ ၂-တရားလိုဦးဝင်းမောင်က တရားရုံးရှေ့ထွက်ဆိုသည့်အချိန်ကျမှသာ မတ်ပဲတစ်တင်းကာလပေါက်ဈေး(၅)သောင်းနှုန်းဖြစ်၍ တင်း(၁၀၀)အတွက် ငွေကျပ်သိန်း(၅၀)ကျသင့်ကြောင်း တင်ပြထားသည်ကို တွေ့ရသည်။

တရားပြိုင်များ၏ချေလွှာအပိုဒ်(၆)တွင် ၃၁-၁-၂၀၁၄ ရက်စွဲပါ ငွေလက်ငင်းဖြတ်ပိုင်းအရ မတ်ပဲတင်း(၁၀၀)တွင် တစ်တင်းငွေ(၁၅၀၀၀ိ/-)နှုန်းနှင့် ငွေ(၁၅)သိန်းယူခဲ့ပြီးမတ်ပဲပေါ်ချိန်တွင် မတ်ပဲတစ်တင်းလျှင်(၂၅၀၀၀ိ/-)နှုန်းဖြင့် တင်း(၁၀၀)အတွက် ငွေကျပ်(၂၅)သိန်းတရားပြိုင်များက ပေးရမည်ဖြစ်ကြောင်းဖော်ပြထားပြီး တရားရုံးရှေ့တွင်လည်း ထိုအတိုင်းပင်ချေပထားသည်ကိုတွေ့ရသည်။

တရားလိုဘက်က မတ်ပဲတင်း(၁၀၀)အတွက် ငွေကျပ်သိန်း(၅၀)တောင်းဆိုရာတွင် မူလဈေးနှုန်းသတ်မှတ်ချက်ကိုဖြစ်စေ၊ ကာလပေါက်ဈေးဖြင့် ဈေးဖြတ်ရန်ဖြစ်ကြောင်းကိုဖြစ်စေ သက်သေခံ(က-၃)ပြေစာတွင်လည်းကောင်း၊ အဆိုလွှာတွင်လည်းကောင်း၊ သက်သေခံ(ခ)နှင့် (ဂ)နို့တစ်စာတို့တွင်လည်းကောင်း ဖော်ပြချက်တစ်စုံတစ်ရာမတွေ့ရသဖြင့် မတ်ပဲတင်း(၁၀၀)အတွက် ဈေးနှုန်းနှင့်ကျသင့်ငွေကို တရားပြိုင်ဘက်ချေပချက်ကို လက်ခံသင့်သည်ဟု သုံးသပ်ရပေသည်။

အထက်တွင် ရှင်းလင်းသုံးသပ်ခဲ့သည့်အတိုင်း သက်သေခံ(က-၁)ပြေစာအရ မုရင်းစပါးတင်း(၄၀၀)၊ သက်သေခံ(က-၂)အရ မုရင်းစပါးတင်း(၅၀၀)တို့မှာ တရားပြိုင်များထံအပ်နှံခဲ့ကြောင်း ပေါ်လွင်သည်။ တရားပြိုင်များ၏ ချေလွှာအပိုဒ်(၇)တွင်ချေပချက်၊ ၂-တရားပြိုင်ဒေါ်ညိုညို၏ တရားရုံးရှေ့ထွက်ဆိုချက်တို့အရ အငြင်းမပွားသောသက်သေခံ(က)ပြေစာပါ စပါးတင်း(၃၀၀)၊ သက်သေခံ(က-၄)ပြေစာပါ စပါးတင်း

တရားမပထမအယူခံမှုအမှတ် ၇၁/၂၀၁၇ အဆက် - ၇

(၅၀၀)နှင့် သက်သေခံ(က-၅)ပြေစာပါ စပါးတင်း(၃၀၀)ဖြစ်သောကြောင့် တရားလိုများက တရားပြိုင်များထံ အပ်နှံခဲ့သော စပါးစုစုပေါင်းမှာ တင်း(၂၀၀၀)ဖြစ်ကြောင်း ထင်ရှားသည်။

အမှုတွင် ၂-တရားပြိုင်ဒေါ်ညိုညိုက မိမိတို့ထံမှ ၂-တရားလိုဦးဝင်းမောင်ယူသော မျိုးပဲ (၈၆)တင်း အတွက် ငွေကျပ်(၄၃)သိန်း၊ ဦးဝင်းမောင်ယူသော ဓာတ်ဆားဖိုးငွေ(၁၅၁၂၅၀၀/-)၊ ယင်းနှစ်ရပ်ပေါင်းငွေ(၅၈၁၂၅၀၀/-)ကိုတရားလိုများထံမှ ရရန်ရှိကြောင်းချေပ၍ မျိုးပဲဖိုးငွေနှင့် ဓာတ်ဆားဖိုးရရန်ငွေများနှင့်စပ်လျဉ်း၍ ပြေစာများကို သက်သေခံ(၂)မှာ (၂-ဂ)အထိ တင်သွင်းထားသည်။ တရားပြိုင်ဘက်တင်ပြသော သက်သေခံ(၂)မှ (၂-ဂ)ထိ စာရွက်စာတမ်းများသည် ဓါတ်ပုံမိတ္တူများဖြစ်ပြီး တရားပြိုင်ဘက်က မိမိတို့ဘာသာပြုလုပ်ထားသောစာရင်းဖြစ်သည်။ တရားလိုများက သက်သေခံ(၂)မှ (၂-ဂ)စာရွက်စာတမ်းများပါ အကြောင်းအရာများနှင့်ပတ်သက်၍ တရားပြိုင်များထံပေးရန်ရှိကြောင်း အတည်ပြုချက်တစ်စုံတစ်ရာမတွေ့ရပေ။ အဆိုပါ စာရွက်စာတမ်းများတွင် ရေးမှတ်ထားသော အကြောင်းအရာများနှင့်ပတ်သက်၍ ၂-တရားပြိုင်ဒေါ်ညိုညို၏ ထုချေချက်သာရှိပြီး အခြားခိုင်လုံသောအထောက်အထားမရှိ၍ လက်ခံရန်မသင့်ကြောင်း သုံးသပ်ရပေသည်။

တရားလိုများက တရားပြိုင်များထံ သက်သေခံ(က)(က-၁)(က-၂)(က-၄)နှင့် (က-၅)ပြေစာတို့အရ အပ်နှံခဲ့သော စပါးတင်း(၂၀၀၀)အတွက် ငွေကျပ်သိန်း(၁၀၀)တောင်းခံထားသည်။ စပါးတစ်တင်းလျှင် ငွေ(၅၀၀၀ိ/-)နှုန်းဖြစ်ကြောင်းတွေ့ရသည်။ တရားပြိုင်များ၏ချေလွှာအပိုဒ်(၇)နှင့် ၂-တရားပြိုင်ဒေါ်ညိုညို၏ တရားရုံးရှေ့ထွက်ဆိုချက်အရလည်း စပါးတစ်တင်း(၅၀၀၀ိ/-)နှုန်းဖြစ်ကြောင်း ပေါ်ပေါက်သည်။ သို့အတွက် စပါးတင်း(၂၀၀၀)အတွက် တရားလိုများက သက်သာခွင့်တောင်းသည့်အတိုင်း မူလခရိုင်တရားရုံးက ခွင့်ပြုခဲ့ခြင်းမှာ မှားယွင်းသည်ဟုမဆိုနိုင်ပေ။

ထို့ကြောင့် ဤတရားမအယူခံမှုအား တစ်စိတ်တစ်ဒေသခွင့်ပြု၍ မူလခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ပြီး တရားပြိုင်များသည် တရားလိုများအား မတ်ပဲတင်း(၁၀၀)အတွက် ငွေကျပ်(၂၅)သိန်းနှင့် စပါးတင်း(၂၀၀၀)အတွက် ငွေကျပ်သိန်း(၁၀၀)၊ စုစုပေါင်းငွေကျပ်(၁၂၅)သိန်းကို စရိတ်နှင့်တကွ ပေးဆပ်စေရန် ဒီကရီချမှတ်လိုက်သည်။

ရှေ့နေခကျပ်(၂၀၀၀၀ိ/-)သတ်မှတ်သည်။

ပုံ x x x
(သန်းထွန်း)
တရားသူကြီးချုပ်

စစ်ဆေးပြီး မှန်ကန်ကြောင်း တာဝန်ယူသည်။